# ကမ္ဘာလုံးဆိုင်ရာဆုတောင်းရာနေ့
# ၁၀–ရက်တာ ဆုတောင်းခြင်းလမ်းညွှန်
## A Ten-day Prayer Guide for Global Day of Prayer

**ခရစ်တော်၌ညီအစ်ကိုမောင်နှမများ**

အာဖရိကတိုက်တစ်ခုလုံးမှအစပြု၍ ကမ္ဘာတစ်ဝှမ်းလုံးရှိခရစ်ယာန်များကို နောင်တရခြင်းနှင့် ဆုတောင်းခြင်းနေ့ရက်အတွက် ဘုရားသခင်ဖိတ်ခေါ်သော ရှင်းလင်းသည့်ရူပါရုံတစ်ခုကို ၂၀၀၀ခုနှစ် ဇူလိုင်လတွင်ရရှိပြီးသည့်နောက် ထူးကဲ၍မှတ်သားဖွယ်ဖြစ်သည့် အတူတကွဆုတောင်းခြင်း "လှိုင်း"သည် အာဖရိကနှင့်ကမ္ဘာတစ်ဝှမ်းသို့ ရိုက်ခတ်လာခဲ့ပါသည်။

ကမ္ဘာလုံးဆိုင်ရာဆုတောင်းရာနေ့အား သန်းပေါင်းများစွာသောခရစ်ယာန်များ နောင်တရသည့်နေ့နှင့် အတူစုဝေးဆုတောင်းသည့်နေ့အဖြစ် တွေ့မြင်ခဲ့ရသည်။ ၂၀၀၇ခုနှစ်မေလ (၂၇)ရက်နေ့တွင် နိုင်ငံပေါင်း (၂၀၄)နိုင်ငံသည် ကမ္ဘာတစ်ဝှမ်းလုံး၌ တဖန်စုဝေးဆုတောင်းခဲ့ကြ၏။ ပြုပြင်ပြောင်းလဲခြင်းအတွက် စိတ်နှလုံးအကြွင်းမဲ့ဆုတောင်းသော ပွဲတင်သံများသည် အားကစားကွင်းများ၊ လေဟာပြင်ကွင်းပြင်များ၊ ရပ်ကွက်နှင့်မြို့တော်ခန်းမများ၊ နေအိမ်များမှ ထွက်လာကာ ပျံ့လွင့်သွားခဲ့၏။ ဤဆုတောင်းချက်များသည် ကျွန်ုပ်တို့ကမ္ဘာကိုပြုပြင် ပြောင်းလဲစေရန်နှင့်တိုင်းနိုင်ငံများတွင် ဘုရားသခင်၏ဘုန်းတော်နှင့်ဖုံးလွှမ်းစေရန် အစွမ်းတန်ခိုးရှိသည်။ ဘုရားသခင်သည် အရှေ့၊ အနောက်၊ တောင်နှင့်မြောက်ဘက်တို့မှနိုင်ငံများအား ၂၀၀၈ခုနှစ် မေလ(၁၁)ရက်နေ့တွင်တဖန်ကိုယ်တော်နှင့်အတူ ဤဆုတောင်းခြင်းခရီးစဉ်ကိုအစပြုရန် ဖိတ်ခေါ်နေပါသည်။ ဘုရားသခင်သည် မိမိ၏အံ့ဖွယ်တန်ခိုးဖြင့်လှုပ်ရှားနေရာ ထိုခရီးတွင် ပါဝင်ရန် ကျွန်ုပ်တို့ကိုစိန်ခေါ်နေ၏။ ဤခရီးသည် ကျွန်ုပ်တို့အတွက်မဟုတ်ပေ။ ကိုယ်တော်၏ဘုန်းတော်နှင့် သနားခြင်းဂရုဏာကြီးသောချစ်ခြင်းမေတ္တာကို အထူးလိုအပ်နေသည့်ဤကမ္ဘာကြီးအတွက်ပင်ဖြစ်သည်။ "မိမိကိုယ်ကိုနှိမ့်ချသဖြင့် ကိုယ်တော့်မျက်နှာကိုရှာလျက် ဆုတောင်းပဌနာပြု၍ အဓမ္မလမ်းကိုလွှဲရှောင်"ရန် ဘုရားသခင်၏ဖိတ်ခေါ်ခြင်းကို တုန့်ပြန်ကြဖို့ဖိတ်ခေါ်နေခြင်းဖြစ်သည် (၆ရာ ၇း၁၄)။ ဘုရားသခင်၏ဖိတ်ခေါ်ခြင်းကိုတုန့်ပြန်ကြရန် ခေါ်နေခြင်းဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ဆုတောင်းသံကိုနားထောင်ကာ ကျွန်ုပ်တို့အပြစ်များကိုခွင့်လွှတ်ပြီး ကျွန်ုပ်တို့ပြည်ကိုချမ်းသာပေးတော်မူပါစေသော။

ကမ္ဘာ့နိုင်ငံပေါင်း ၂၂၀ စလုံးက မိမိတို့နိုင်ငံအတွက်လိုလားစွာ ကြားဝင်ရပ်တည်ဆုတောင်းပေးမည့် ယုံကြည်သူများကို တွေ့မြင်ရကြမည်ဟုယုံကြည်လျက် သန်းပေါင်းများစွာသောခရစ်ယာန်များနှင့်အတူ ဘုရားသခင်၏မျက်နှာတော်ရှာရန် လေးစားစွာဖိတ်ခေါ်အပ်ပါသည်။

Graham Power,
Chairman, Global Day of Prayer

*Please contact the Global Day of Prayer at **www.globaldayofprayer.com** for permission to adapt, translate or reprint this prayer guide, or to learn about translations which may be available in other languages.*

***Global Day of Prayer***
***P.O. Box 3856, Somerset West, South Africa 7129***

# ကမ္ဘာလုံးဆိုင်ရာဆုတောင်းရာနေ့
# A Global Day of Prayer
*တညီတညွတ်တည်း အတူတကွ ...နေရာများစွာ၌*

*"ပင်တေကုတ္တေပွဲနေ့ရောက်သောအခါ ထိုသူအပေါင်းတို့သည် တညီတညွတ်တည်းစည်းဝေး၍ နေကြ၏" တမန် ၂း၁*

## နောင်တရခြင်းနှင့်ဆုတောင်းခြင်းအတွက်ဖိတ်ခေါ်သံ

ဤထောင်စုနှစ်အကူးတွင် တောင်အာဖရိကနိုင်ငံ Cape Town မြို့ရှိ မြောက်များစွာသောယုံကြည်သူတို့သည် နောင်တရခြင်းနှင့် ဆုတောင်းခြင်းအားဖြင့်ဘုရားသခင်ထံတိုးဝင်ရန်၊ မိမိတို့၏တိုင်း၊ နိုင်ငံနှင့် မြို့များအတွက်စုဝေး ဆုတောင်းကြဖို့တစ်နိုင်ငံလုံးရှိလူများကိုဖိတ်ခေါ်ရန်၊ ဘုရားသခင်သည်ဖိတ်ခေါ်နေကြောင်းခံစားခဲ့ကြသည်။ ခန်းမတိုင်းနှင့် အားကစားကွင်းတိုင်းတွင် လူပြည့်ခဲ့သည်။

ထိုကဲ့သို့စုဝေးခြင်းမျိုးကို နှစ်စဉ်ထိုနေ့ရက်များ၌ ဆက်လက်ကျင်းပခဲ့ရာ မကြာမီအာဖရိကတိုက်တစ်ခွင်လုံးတွင် ဆပွားတိုးပွားလာခဲ့သည်။ တစ်နှစ်ပြီးတစ်နှစ်၊ ထိုတိုက်ကြီးအတွင်းမှ နိုင်ငံတိုင်းရှိထုံးတမ်းစဉ်လာအမျိုးမျိုးနှင့် ခရစ်ယာန်ယုံကြည်ခြင်းအမျိုးမျိုးတို့မှသန်းပေါင်းများစွာတို့သည် ဘုရားသခင်ကိုပိုမိုရှာဖွေလာခဲ့ကြ၏။ အာဖရိကတိုက်ရှိခရစ်ယာန်များသည်ကမ္ဘာတစ်ဝှမ်းမှယုံကြည်သူများကို ထိုနောင်တရခြင်းနှင့် ဆုတောင်းခြင်းအတွက်ပါဝင်ရန်ဖိတ်ခေါ်ခဲ့၏။ ယင်း၏ရလာဒ်အဖြစ် ၂၀၀၅ခုနှစ် ပင်တေကုတ္တေတနင်္ဂနွေနေ့တွင်ကျင်းပသည့်လူသန်းပေါင်း ၂၀၀ ခန့်ပါဝင်သော ပထမအကြိမ် ကမ္ဘာလုံးဆိုင်ရာဆုတောင်းရာနေ့ဖြစ်လာခဲ့သည်။

## ကမ္ဘာတစ်ဝှမ်းလုံးသို့ပျံ့နှံ့သွားခြင်း

၂၀၀၆ခုနှစ်နှင့် ၂၀၀၇ ခုနှစ်ပင်တေကုတ္တေတနင်္ဂနွေနေ့များတွင် ကမ္ဘာ့နိုင်ငံအားလုံးနီးပါးမှခရစ်ယာန်များသည် ပို၍ကြီးမားသောအရေအတွက်ဖြင့် စုဝေးခဲ့ကြသည်။ ဤလှုပ်ရှားမှုသည် ပို၍နက်ရှိုင်းကျယ်ပြန့်စွာဆက်လက်ပျံ့နှံ့သွားခဲ့သည်။ ကြီးမားသောဘောလုံးကွင်းများ၌၎င်း၊ နေအိမ်များတွင်အဖွဲ့ငယ်များဖြင့်၎င်း၊ ကျေးရွာများရှိကွင်းပြင်များတွင်၎င်း ဆုတောင်းသူများဖြင့်ပြည့်လျှံသွားခဲ့သည်။ ယင်းစုဝေးဆုတောင်းခြင်းသည် ၂၄နာရီပတ်လုံးမရပ်မနားဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံအားလုံး၌ ကောင်းချီးမင်္ဂလာ သက်ရောက်စေရန်နှင့် သာ၍ကြီးမားသောခရစ်တော်၏ ဘုန်းတော်မြင်တွေ့စေရန် အတွက် အသင်းတော်များစွာတို့က တစ်လုံးတစ်ဝတည်းဆုတောင်းခဲ့ကြ၏။ ၂၀၀၈ ခုနှစ် မေလ (၁၁)ရက်နေ့တွင်လည်း ခရစ်ယာန်များသည် ရိုးရှင်းသောနှလုံးသားနှင့် တစ်လုံးတစ်ဝတည်းသော မျှော်လင့်ချက်တို့ဖြင့် နောင်တရရန်နှင့် ဆုတောင်းရန် အတူစုဝေးကြမည်ဖြစ်သည်။

## (၁၀)ရက်– (၁)ရက်– ရက် (၉၀)

ကမ္ဘာလုံးဆိုင်ရာဆုတောင်းခြင်းအတွက် ခွန်အားပေးနိုးဆော်မှုကို အသင်းတော်မွေးဖွားခြင်း ၏အပိုင်း(၃)ပိုင်း တွင်တွေ့မြင်ရသည်။ ယင်းတို့မှာ ပင်တေကုတ္တေနေ့သို့ ဦးတည်သော (၁၀)ရက်တာ စဉ်ဆက်မပြတ် ဆုတောင်းခြင်း၊ တစ်မြို့လုံးမြင်တွေ့သိရှိရသော တစ်နေ့တာဆုတောင်းခြင်းနှင့် ယင်းနောက်တွင် ကောင်းချီးမင်္ဂလာနေ့ရက်များ ဖြစ်၏။ ဤအကြောင်းရင်းများကြောင့် ကမ္ဘာလုံးဆိုင်ရာဆုတောင်းခြင်း (Global Day of Prayer) ၌ အပိုင်း(၃)ပိုင်းပါဝင်ရခြင်းဖြစ်သည်။

## (၁၀)ရက်တာ စဉ်ဆက်မပြတ် ဆုတောင်းခြင်း
## ၂၀၀၈ခု မေလ(၁)ရက်မှ (၁၀)ရက်အထိ

ခရစ်ယာန်သန်းပေါင်းများစွာတို့သည် ပထမဆုံးသော ပင်တေကုတ္တေနေ့မတိုင်မီ ခရစ်တော်၏ နောက်လိုက်များပြုခဲ့သောပုံစံကိုယူလျက် ခရစ်တော်ကောင်းကင်သို့တက်ကြွတော်မူသည့်နေ့ Ascension Day မေလ(၁)ရက်မှ အစပြု၍ ပင်တေကုတ္တေနေ့တိုင်အောင်(၁၀)ရက်တာလုံး နေ့ညစဉ်ဆက်မပြတ်ဆုတောင်းခြင်းကို လုပ်ဆောင်ကြမည်ဖြစ်သည်။

## The Global Day of Prayer ၂၀၀၈ခု မေလ(၁၁)ရက်

ပင်တေကုတ္တေတနင်္ဂနွေနေ့တွင် ကမ္ဘာ့နိုင်ငံတိုင်းနီးပါးမှခရစ်ယာန်တို့သည် စုဝေးဆုတောင်း ကြမည်ဖြစ်သည်။ များစွာသောသူတို့သည် နေအိမ်များ၌အဖွဲ့ငယ်များအနေဖြင့်၎င်း ကြီးမားသောအားကစားကွင်းများနှင့် အများနှင့်ဆိုင်သောနေရာများတွင် လူစုလူဝေးဖြင့်၎င်း စုဝေးကြပါမည်။ အချို့သောနေရာများတွင် ဆက်သွယ်မှုလွယ်ကူစေရန်နှင့် ဆုတောင်းချက်များ ကိုက်ညီစေရန်အတွက် ရုပ်သံလွှင့်ဌါနများ၊ ရေဒီယိုနှင့်အင်တာနက်များမှတဆင့် အကူအညီပေးဆောင်ရွက်သွားမည် ဖြစ်သည်။

## ရက်(၉၀)ကောင်းချီးပေးခြင်း ၂၀၀၈ခု မေလ(၁၂)ရက်–ဩဂုတ်(၉)ရက်

ပထမဆုံးသောပင်တေကုတ္တေနေ့ကကဲ့သို့ပင် ဆုတောင်းသည့်အဖြေများရရှိရန် မိမိကိုယ်ကို တန်ဆာပလာအဖြစ်ဆက်သဆုတောင်းသော ပြောင်းလဲသည့်ခရစ်ယာန်များသည် မိမိတို့၏လူ့အသိုင်းအဝိုင်းကို ပြုပြင်ပြောင်းလဲစေကြ၏။ Global Day of Prayer သည် ဒေသအတွင်းရှိသင်းအုပ်ဆရာများ၊ အသင်းတော်များ၊ သာသနာ့အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏အသိုင်းအဝိုင်းများပြုပြင်ပြောင်းလဲခြင်းဆိုင်ရာကောင်းချီးမင်္ဂလာလက်တွေ့ဖြစ်ပေါ်လာစေရေးအတွက်မိတ်သဟာယဖွဲ့စည်းရန် သို့မဟုတ် ရှိပြီးသောမိတ်သဟာယကို ထပ်မံတိုးချဲ့အားဖြည့်ရန် မျှော်လင့်ထားပါသည်။

# ကြီးမားသောအမှုများအတွက်ဆုတောင်းခြင်း

## Praying Great Things

### ခရစ်တော်၏ဘုန်းတော်ထင်ရှားရန်နှင့် တိုင်းနိုင်ငံများပြုပြင်ပြောင်းလဲရန်အတွက်

ယေရှုသည် ကောင်းကင်ဘုံသို့တက်ကြွတော်မမူမီ နောက်ဆုံးသောနေ့တွင် တပည့်တော်များအားအထက်ခန်း၌ စုဝေးပြီး “ခမည်းတော်၏ဂတိတော်” ကိုငံ့နေကြရန် မိန့်မှာခဲ့သည်။ သူတို့သည် ကိုယ်တော်မိန့်မှာသည့်အတိုင်း ထိုဂတိတော်ကိုစောင့်ခဲ့ကြ၏။ မိမိတို့၏ဝိညာဉ်ရေးရာခွန်အားအတွက်မျှသာမက ဆုတောင်းခဲ့ကြသည်။ ဘုရားသခင်၏ ဝိညာဉ်တော် လက်ခံရရှိခြင်းသည် ဂတိတော်အားလုံးပြည့်စုံရန် ကိုယ်တော်ပြုမည့်အရာအားလုံးတို့၏ အစဖြစ်၏။

### ဘုရားသခင်၏ဂတိတော်များအတွက်ပြင်းပြသောစိတ်ဖြင့်မျှော်လင့်ခြင်း

ပင်တေကုတ္တေနေ့နောက်ပိုင်း တပည့်တော်များအသက်တာမှထွက်ပေါ်လာသောအရာများကို ကြည့်ခြင်းအားဖြင့် ထို(၁၀)ရက်တာကာလအတွင်းမည်ကဲ့သို့ဆုတောင်းခဲ့ကြကြောင်း သိရှိနိုင်ပါသည်။ ထိုသူတို့သည် ဤကမ္ဘာတစ်ဝှမ်းလုံးတွင် ကိုယ်တော်၏ဂတိတော်များပြည့်စုံရန်- ပြင်းပြသောမျှော်လင့်ချက်ဖြင့် အရှိန်ကြီးစွာဆုတောင်းခဲ့ကြ၏။ ယင်းဆုတောင်းချက်များသည် နှုတ်ကပတ်တော်မှစီးထွက်လာသော ဆုတောင်းချက်များဖြစ်သည်။ ဘုရားသခင်၏နိုင်ငံတော်အကြောင်းခရစ်တော်၏ သွန်သင်ချက်များသည် လူသားအားလုံးပေါ်သို့ ကိုယ်တော်၏တန်ခိုးနှင့်ချစ်ခြင်းမေတ္တာဖြင့် သက်ရောက်စေရေးအတွက် သူတို့၏မျှော်လင့်ချက်ကိုမီးမွှေးပေးခဲ့သည်။

### ပင်တေကုတ္တေနေ့နောက်ပိုင်းသာ၍ကြီးမားသောအမှုများအတွက်ဦးတည်ဆုတောင်းခြင်း

ခရစ်တော်၏နောက်လိုက်တို့သည် ပင်တေကုတ္တေနေ့တွင်အံ့ဩမိန်းမောခဲ့ကြသည့်အလျောက် ယင်းနေ့နောက်ပိုင်းတွင်လည်း ဇွဲလုံ့လဖြင့်ဆုတောင်းခြင်းကိုဆက်၍စောင့်ထိန်းလုပ်ဆောင်ခဲ့ကြကြောင်း တမန်တော်ဝတ္ထုတွင်ဖေါ်ပြထားပါသည်။ ယခုအခါ ယင်းတပည့်တော်များကျွန်ုပ်တို့နှင့်အတူရှိနေမည်ဆိုပါက ကိုယ်တော့်ဝိညာဉ်တော်သွန်းလောင်းရန်နှင့်မိမိလူတို့ကို သာ၍ကြီးမားသောနည်းများဖြင့်အသုံးပြုရန် ဆုတောင်းနေကြမည်ဖြစ်သည်။

### ဘုရားသခင်နှင့်ဆုံတွေ့ရန်အဆင်သင့်ပြင်ကြစို့

### ဘုရားသခင်၏ခေါ်သံကိုထူးပါ

ကမ္ဘာလုံးဆိုင်ရာဆုတောင်းရာနေ့သည် အခြေခံအားဖြင့်ကျွန်ုပ်တို့အား အခြားသူများနှင့်အတူ ကိုယ်တော်နှင့်ဆုံတွေ့စေရန် ဘုရားသခင်၏ဖိတ်ခေါ်ခြင်း ဖြစ်၏။ ထိုသို့အားဖြင့် ကျွန်ုပ်တို့အားပြောင်းလဲစေကာ တိုင်းနိုင်ငံနှင့် လူမျိုးတကာတို့တွင် ကိုယ်တော်၏အလိုတော်ကို ပြည့်စုံအကောင်အထည်ဖေါ်စေဖို့ဖိတ်ခေါ်ခြင်းဖြစ်သည်။ ဤစာအုပ်ကိုဖတ်ရှု

နေသူသင့်ကိုလည်းဖိတ်ခေါ်နေခြင်းဖြစ်သည်။ ကိုယ်တော်သည်ကျွန်ုပ်တို့ကို လက်ရှိအခြေအနေအတိုင်းပစ်မထားဘဲယေရှုနှင့်တူရန်ပုံသွင်းပြုပြင်မည်ဟူသောတောင့်တမှုမျိုးနှင့် မျှော်လင့်ချက်ကို သင့်နှလုံးတွင်ထည့်ပေးပြီးဖြစ်ပါသည်။ မကောင်းမှုများ တိုးတက်ကြီးထွားနေသော်လည်း ကိုယ်တော်သည်မိသားစုများ၊ တိုင်းနိုင်ငံများကို အနာငြိမ်းကျန်းမာစေကာ၊ ထိုမျှော်မိုက်ဖုံးလွှမ်းသောနေရာတွင်ပင် ဘုရားသခင်ဘုန်းတော်နှင့်တောက်ပကာ ကမ္ဘာမြေကြီးကိုဖုံးလွှမ်း လာပေမည်။

**ရာဇဝင်ချုပ်ဒုတိယစောင် ၇း၁၄-၁၆ အားဖြင့်ဘုရားသခင်ကိုရှာခြင်း**

လူသိများသော၄င်းကျမ်းပိုဒ်မှ (၁၀)ရက်တာဆုတောင်းသည့်နေ့ရက်တစ်ရက်စီအတွက် ဆုတောင်းရန်နည်းလမ်းကို သင်တွေ့ရပါမည်။ ဘုရားသခင်၏ဆင့်ခေါ်သံကိုတုံ့ပြန်ဖြေကြားသကဲ့သို့ ရိုးသားစွာဖြင့်ဆုတောင်းပါ။

**နောင်တရခြင်းသည်ဆုကျေးဇူးဖြစ်သည်**

ယခင်ကမရှိခဲ့ဖူးသော အလင်း၌လျှောက်လှမ်းခြင်းအသက်တာကို ရရှိရန် မှောင်မိုက်မှပြန်လှည့်လာသည့်အချိန် ဘုရားသခင်ပေးသနားရန် တောင်းခံကြပါစို့။ အစာရှောင်ခြင်းသို့မဟုတ် အခြားသူများနှင့်ဆုတောင်းခြင်းတို့ ပြုလုပ်ပြီး သင်၏ နေ့စဉ်ပုံမှန်လုပ်ရှားမှုများမှ ခေတ္တရပ်နားပါ။

**ယခုပင်အချိန်ကျရောက်ပြီ**

ဘုရားသခင်နှင့်ဆုံတွေ့ရန် အဆင်သင့်ပြင်ကြပါစို့။

# စဉ်ဆက်မပြတ် (၁၀)ရက်တာ ဆုတောင်းခြင်း

## Ten Days of Constant Prayer

**မေ (၁)ရက်– (၁၀)ရက်**

**ကမ္ဘာတစ်ဝှမ်းလုံးဆုတောင်းပါ၊ မိမိဒေသအလိုက်စုစည်းပါ၊ ယခုပင်အစပြုပါ၊**

**၁။ အမေရိကန်နိုင်ငံ၏တစ်ပြည်လုံးဆိုင်ရာဆုတောင်းရာနေ့**သည် ဤနှစ်မေလ (၁)ရက်နေ့တွင် ကျရောက်သည်။ သင့်အသိုင်းအဝိုင်းနှင့် နိုင်ငံတစ်ဝှမ်းလုံးတွင်ကျင်းပမည့်ဤဆုတောင်းခြင်းတွင် မဖြစ်မနေပါဝင်ဆုတောင်းပါ။ ဤစုဝေးဆုတောင်းခြင်းနေ့ကြီးက တစ်ကမ္ဘာလုံးနှင့်အတူဆက်လက်ဆုတောင်းခြင်းကို ခွန်အားဖြစ်စေပေမည်။ ဤနှစ်အတွက် ဦးတည်ချက်ဆောင်ပုဒ်မှာ "ဆုတောင်းခြင်း = အမေရိကန်၏ခွန်အားနှင့်ဒိုင်းလွှား" ဟူ၍ဖြစ်၏။ www.ndptf.org ၌ ပိုမိုလေ့လာ ဖတ်ရှုနိုင်သည်။

**၂။ နည်းလမ်းအမျိုးမျိုးဖန်တီးပြီးစုစည်းပါ။** လူများစွာတို့သည်(၂၄)နာရီ တစ်ရက်တာလုံးလုံး ဆုတောင်းခြင်းအရှိန်ရရှိရန် ကွင်းဆက်ဆုတောင်းနည်းပုံစံကိုအသုံးပြုကြ၏။ အခြားသူများသည် တစ်နာရီ သို့မဟုတ် နှစ်နာရီကြာ အထူးမျက်မှောက်ပြုဆုတောင်းရန် တွေ့ဆုံကြပါမည်။ အချို့မှာမူ အစာရှောင်ကြမည်ဖြစ်၏။ မိသားစု၊ မိတ်ဆွေများနှင့်အတူဆုတောင်းရန် သန့်ရှင်းသောဝိညာဉ်တော်ကပေးမည့် နည်းလမ်းသစ်များကို ရှာကြံပါ။

**၃။ ကလေးသူငယ်များဆုတောင်းကြသည်။** ကလေးသူငယ်များအတွက်အထူးပြုစုထားသော ဆုတောင်းခြင်းလမ်းညွှန်ကို www.gdopusa.com/children ၌ ဖတ်ရှုပါ။ ယင်းက မိသားစုများအတူတကွဆုတောင်းနိုင်ရန်နှင့် ကလေးသူငယ်များအတူတကွအသံကိုလွှင့်လျက် ဆုတောင်းနိုင်အောင်ဖန်တီးထားသော နည်းလမ်းသစ်များတွေ့ရှိရန် အထောက်အကူပြုမည်ဖြစ်သည်။

**၄။ လူငယ်များ(၂၄)နာရီပတ်လုံးဆုတောင်းကြမည်။** ယခုအခါလူငယ်များသည် သမိုင်းတွင်တွေ့ရခဲ့သည့် ပြင်းပြသောစိတ်ဓါတ်ဖြင့်ဘုရားသခင်ကိုရှာနေကြသည်။ နိုင်ငံများစွာတို့တွင် လူထုစည်းဝေးပွဲများကို (၁၀)ရက်တာလုံးလုံး မရပ်မနားဆုတောင်းသော အစီအစဉ်အဖြစ်ပြုလုပ်ကြပါမည်။ လူငယ်များသည် ဤဆုတောင်းခြင်းလမ်းညွှန်ကို အထူးသရုပ်ဖော်တင်ဆက်မှုများနှင့်အတူ လုပ်ဆောင်နိုင်အောင်ရေးဆွဲပြင်ဆင်နေကြသည်။ ယင်းသည် မည်သည့်အသက်အရွယ်ရှိသော

လူငယ်များကိုမဆို ပါ၀င်ဆုတောင်းနိုင်ရန်လှုံ့ဆော်ဖို့ အထူးဂရုပြုပြုစုထားသောလမ်းညွှန်ဖြစ်၏။ ဤလက်စွဲကို Internet စာမျက်နှာ www.gdopusa.org/youth ၌ ဖတ်ရှုနိုင်ပါသည်။

**၅။ ဘာသာစကားအမျိုးမျိုးဖြင့်ဆုတောင်းပါ။** ဤဆုတောင်းခြင်းလမ်းညွှန်ကို ဘာသာစကားပေါင်း (၅၀)ကျော် ဖြင့်ပြန်ဆိုထားရာ ကမ္ဘာပေါ်ရှိခရစ်ယာန်သန်းပေါင်းများစွာတို့သည် ဤဆုတောင်းချက်များဖြင့် ဆုတောင်းကြပါမည်။ www.globaldayofprayer.com တွင် စပိန်ဘာသာအပါအ၀င် အခြားဘာသာပြန်ဆိုချက်များကို တွေ့ရှိနိုင်ပါသည်။

## ဤဆုတောင်းလမ်းညွှန်အသုံးပြုရန်နည်း

### (၁) ကျမ်းစာကို အခြေပြု၍ဆုတောင်းခြင်းကိုနက်နဲစေပါ

နေ့စဉ်ဆုတောင်းချက်များကို ရှင်းလင်းသောမျှော်လင့်ချက်ဖြင့်ဆုတောင်းနိုင်ရန် တမန်တော်၀တ္ထုမှ နေ့စဉ်ကျမ်းပိုဒ်များသည် ခိုင်ခံ့သောအုတ်မြစ်ကို ပြင်ဆင်ပေးပါမည်။ တစ်ရက်စီဆုတောင်းခေါင်းစဉ်များ အတွက် လက်တွေ့ အထောက် အကူပြုမည့် နောက်ခံမှတ်စုများကို Internet စာမျက်နှာ www.waymakers.org/tendayhelp တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

### (၂) တိကျသောအကြောင်းများအားဖြင့်ဆုတောင်းခြင်းကိုအစွမ်းထက်စေပါ

နေ့စဉ် ဆုတောင်းခေါင်းစဉ်နှင့်သက်ဆိုင်သော အကြောင်းအရာများဖေါ်ပြထားသည်ကို တွေ့ရပါမည်။ ဤအကြောင်းအချက်များသည် မိမိ၏လူနေမှုအသိုင်းအ၀ိုင်းတွင် မည်သို့အကျိုးသက်ရောက်မှုဖြစ်စေနိုင်ကြောင်း ယင်းတို့ကို ပိုမိုလေ့လာခြင်းဖြင့် သင့်ဆုတောင်းချက်ကို ပို၍ထက်မြက်စေပါ။ ဤအကြောင်းအရာများကို တစ်ကမ္ဘာလုံးအတိုင်း အတာဖြင့် မည်ကဲ့သို့ဆုတောင်းရမည်ကို www.waymakers.org/tenday တွင် တွေ့ရှိနိုင်ပါသည်။

### (၃) အခြားသူများနှင့်ဆုတောင်းပါ

မိမိဖာသာဆုတောင်းနိုင်ပါသည်။ သို့သော် အခြားသူများအား သင်နှင့်ဆုတောင်းလာရန် လှုံ့ဆော်နိုင်သည် မဟုတ်ပါလော။ သို့တည်းမဟုတ် ဤဆုတောင်းချက်ဆိုင်ရာခေါင်းစဉ်များကို ဆုတောင်းအစည်းအဝေးများတွင် အသုံးပြုပါ။ ဤဆုတောင်းခေါင်းစဉ်များနှင့်ပတ်သက်၍ ထိရောက်ဆန်းသစ်သော ဆုတောင်းအစီအစဉ်များလုပ်ဆောင်နိုင်ရန် နည်းလမ်းအကြံပြုချက် များကို www.waymakers.org/tendayhelp တွင် ဖတ်ရှုနိုင်ပါသည်။

---

## ပထမ နေ့

**ကြာသပတေးနေ့၊ မေလ(၁)ရက်**

## ခရစ်တော်၏နိုင်ငံတော်ကိုရယူခြင်း

ခရစ်တော်၏နိုင်ငံတော်ဆိုင်ရာပြုပြင်ပြောင်းလဲစေသောတန်ခိုးတော်ရရှိရန်
(ဝိညာဉ်ရေးရာမှောင်မိုက်ခြင်း၊ အသင်းတော်ကွဲပြားခြင်းနှင့်၊ စီးပွါးရေးအရဖိနှိပ်ခံရခြင်း တို့အတွက်)

- ဘုရားသခင်၏လူများအနေဖြင့် ယေရှုခရစ်အားဘုရင်နှင့်အရာခပ်သိမ်း၏သခင်အဖြစ်ချစ်မြတ်နိုးသည့်စိတ်၊ သစ္စာရှိသည့်စိတ်တို့ဖြင့် မိမိတို့နှလုံးသားကိုတောက်လောင်နေစေရန်။
- မြို့ပြတိုင်းတွင် လူများစွာတို့သည် ခရစ်တော်၏မေတ္တာနှင့် ကောင်းမြတ်ခြင်းကို ခံစားကြစေရန်။
- ဘုရားသခင်၏ကောင်းချီးမင်္ဂလာရရှိခံစားမှု (breakthrough) မရှိသေးသော နေရာဒေသနှင့် မြို့ကြီးများတွင် ခရစ်တော်ကယုံကြည်သူများကို ခွဲခန့်ထားရှိရန်။ ထိုခက်ခဲသောနေရာဒေသများတွင် ဘုရားသခင်၏ဂတိတော် ဖြစ်သည့် နိုင်ငံတော်နှင့်ဆိုင်သော ကောင်းချီးမင်္ဂလာများကို စိတ်ရှည်သည်းခံခြင်းဖြင့် အရယူနိုင်ကြစေရန်။
- ခရစ်တော်၏ ချစ်ခြင်းမေတ္တာတန်ခိုးသည် လူ့အသိုင်းဝိုင်းတစ်ခုလုံးတွင်တည်တံ့မြဲမြံသော ပြုပြင်ပြောင်းလဲမှု transformation ကို ဖြစ်ပေါ်စေရန်။

*"ငါ့လူတို့သည်. . . " (၆ရာ ၇း၁၄)*

**ကိုယ်တော့်လူအဖြစ်ဖြင့်ဘုရားသခင်နှင့်တွေ့ဆုံရန်ပြင်ဆင်ပါ။** ခရစ် တော်၏အသေခံခြင်းဖြင့် ဝယ်ယူခြင်းခံရသော ကိုယ်တော်ချစ်သောကျွန် အဖြစ် မိမိကိုယ်ကိုဘုရားသခင်ထံဆက်သပါ။ အခြားသူများနှင့်အတူ ကိုယ်တော်ကိုအစေခံရန် ခေါ်ဖိတ်မှုကိုတုံ့ပြန်ပါ။ ကိုယ်တော့်ရှေ့တော် မှောက်သို့ များစွာသောသူတို့သည် မိသားစုများ၊ အသင်းတော်များနှင့် လူ့အနွယ်အမျိုးမျိုးပါဝင်သော လူတစ်စုအဖြစ်စုဝေးကြစေရန် ဆုတောင်းပါ။

*"... ဘုရားသခင်၏ နိုင်ငံတော်နှင့်စပ်ဆိုင်သောအရာတို့ကို မိန့်မြွက်တော်မူလျက်၊ ... တမန်တော်တို့ကို စုဝေးစေတော်မူပြီးလျှင် ယေရုရှလင်မြို့မှမထွက်မသွားဘဲ ခမည်းတော်၏ဂတိကိုငံ့နေမည်အကြောင်းမှာတော်မူ၍ ထိုဂတိတော်ကိုငါဟောပြောသဖြင့် သင်တို့သည်ကြားသိရကြပြီ. . ." (တမန်၁း ၃-၄)*

---

# ဒုတိယ နေ့
### သောကြာနေ့၊ မေလ(၂)ရက်

## တညီတညွတ်တည်းဆုတောင်းခြင်းကိုတိုးတက်လုပ်ဆောင်ခြင်း

**တည်တံ့သောတညီတညွတ်တည်းစုပေါင်းဆုတောင်းခြင်း လှုပ်ရှားမှုများအတွက်**

**(ဆုမတောင်းခြင်း၊ မှော်အတတ်လုပ်ဆောင်ခြင်းများနှင့် ဓနဥစ္စာကိုသာပဓါနထားခြင်း တို့အတွက်)**

- ဘုရားသခင်သည် ကျွန်ုပ်တို့အား တစ်စိတ်တစ်သဘောတည်းဖြင့်ဆုတောင်းရန် စည်းလုံးညီညွတ်စေကာ၊ ဤကမ္ဘာလောကတွင် ခရစ်တော်၏ဘုန်းတော်သက်ရောက်စေဖို့အလို့ငှါ ဝန်တာဖြင့်ဆုတောင်းနိုင်ရေးအတွက် အစွမ်းတန်ခိုးပေးရန်(တမန် ၁း၁၄၊ ၂း၄၆၊ ၄း၂၄)။
- ဆင်းရဲနွမ်းပါးသူများ၊ သူငယ်များနှင့် အပယ်ခံများမိမိတို့ဆုတောင်းချက်များ အဖြေရရှိကြရန်နှင့် ထိုသူတို့၏ ဘုရားသခင်ကိုချီးမွမ်းခြင်းက ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေရန်။
- ယုံကြည်သူများသည် မိမိတို့၏အိမ်နီးနားချင်းများနှင့် မိတ်ဆွေများအပေါ်တိကျသော ကောင်းကြီးမင်္ဂလာများ သက်ရောက် စေရန် ဆုတောင်းနိုင်ဖို့ ဝိညာဉ်တော်ကနှိုးဆော်ခွန်အားပေးရန်။
- ကျွန်ုပ်တို့၏ရပ်ကွက်နှင့် မြို့အသိုင်းအဝိုင်းရှိလူတို့သည် ဘုရားသခင်၏ကူညီမစမှုကို လိုလားစွာဖြင့် ယခင်နှင့်မတူဘဲ ဘုရားသခင်ထံတောင်းခံ ကြွေးကြော်ကြစေရန်။

*"ငါ့နာမဖြင့်သမုတ်သော. . . " (၆ရာ ၇း၁၄)*

**ကိုယ်တော့်ဘုန်းတော်အတွက်အသက်ရှင်ရန်ပြင်ဆင်ခြင်း။** ဘုရားသခင်၏ နာမတော်ရှုတ်ချစရာ ဖြစ်စေနိုင်သော ကျွန်ုပ်တို့၏အပြုအမူများကို ဝန်ချတောင်းပန်ပါ။ မိုက်မဲသောမနာလိုမှုများနှင့် ရည်မှန်းချက်များကိုစွန့်ပယ်ပါ။ ကျွန်ုပ်တို့ တိုင်းပြည်တွင် ကိုယ်တော့်ဘုန်းတော် အသစ်တဖန်သက် ရောက်ရန်နှင့် ကြီးမားစွာထင်ရှားရန်တောင့်တပါ။

*" ထိုသူအပေါင်းတို့သည် တညီတညွတ်တည်းကြိုးစား၍ ဆုတောင်းပဌနာပြုလျက်နေကြ၏" (တမန် ၁း၁၄)*

---

# တတိယ နေ့
### စနေနေ့၊ မေလ(၃)ရက်

## သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်း

**လူသားအားလုံးအပေါ်ဘုရားသခင်၏ဝိညာဉ်တော်သွန်းလောင်းရန်**

**(မာနကြီးခြင်း၊ ဝိညာဉ်ဆိုးနတ်ဆိုးများ၏ ဖိနှိပ်ခံရခြင်း၊ ဝိညာဉ်မျက်စိကန်းခြင်း၊ စိတ်ဓါတ်ကျဆင်းခြင်း စသည်တို့အတွက်)**

- ကမ္ဘာပေါ်မှ သက်ရှိလူသားတိုင်းအပေါ်သို့ ဘုရားသခင်၏ဝိညာဉ်တော်သွန်းလောင်းရန်။
- အသင်းတော်(ယုံကြည်သူများ)သည် ဤကမ္ဘာကြီးတွင်ခရစ်တော်၏ သက်သေခံအစေခံများ ဖြစ်လာစေဖို့

သန့်ရှင်းသောဝိညာဉ်တော်၏ အသစ်သောတန်ခိုးဘိသိက်ပေးခြင်းကို ရရှိကြစေရန်။

- ဘုရားသခင်၏ ဝိညာဉ်တော်သည် ဝိညာဉ်ရေးရာမှောင်မိုက်ထဲတွင်ရှိနေသူတို့ထံ ခရစ်တော်ကိုထင်ရှားစေရန်။
- ဘုရားသခင်လုပ်ဆောင်မှုများကို မြင်တွေ့ရန်နှင့် အသံတော်ကို ကြားနိုင်ရန်အလို့ငှါ ကိုယ်တော့်ဝိညာဉ်တော်သည် တိုင်းနိုင်ငံများကိုနှိုးကြားစေရန်။ (တမန် ၂း၃၃)
- များစွာသောသူတို့သည် ခရစ်တော်၏အသက်ရှင်ခြင်းနှင့် မိမိတို့အသက်တာ၌ ကိုယ်တော်၏လုပ်ဆောင်မှုများကို ဝိညာဉ်တော်ထံမှ အိပ်မက်ရူပါရုံများရရှိခြင်းအားဖြင့် လှုံ့ဆော်မှုရရှိခံစားကြစေရန်။

*". . . ကိုယ်ကိုနှိမ့်ချသဖြင့်. . . " (၆ရာ ၇း၁၄)*

**ဘုရားသခင်ထံကျိုးပဲ့ကြေမွသောစိတ်ဖြင့်တိုးဝင်ရန်ပြင်ဆင်ခြင်း။** ကျွန်ုပ်တို့၏မာကြောသောနှလုံးသားများကို နူးညံ့ပျော့ပြောင်းစေရန် ဘုရားသခင်ကိုခေါ်ဖိတ်ပါ။ သင်၏ကျိုးပဲ့ကြေမွခြင်းကိုဝန်ခံပါ။ ယေရှု၏ကြီးမြတ်ခြင်းကို အံ့ဩမိန်းမောပြီး မြတ်နိုးပါ။ အခြားသူများအား ဂုဏ်ပြုရန်ကြိုးစားလုပ်ဆောင်ခြင်းအားဖြင့် နှိမ့်ချခြင်းကိုလေ့ကျင့်ပါ။

*" . . . နောင်ကာလ၌ လူမျိုးတကာတို့အပေါ်သို့ ငါ၏ဝိညာဉ်တော်ကို ငါသွန်း လောင်းမည်" (တမန် ၂း၁၇)*

---

# စတုတ္ထ နေ့
## တနင်္ဂနွေနေ့၊ မေလ(၄)ရက်

## ဘုရားသခင်ထံနောင်တနှင့်ပြန်လှည့်လာခြင်း

**များစွာသောသူတို့အပြစ်မှခရစ်တော်၏အသက်တာသစ်သို့ပြန်လှည့်လာကြစေရန်**

**(ညစ်ညမ်းသည့်အရာများကြည့်ခြင်း (ဗွီဒီယို၊ ဓါတ်ပုံ၊ စာပေ)၊ စွဲလန်းခြင်းများ (အရက်၊ ဆေးလိပ်၊ မူးယစ်ဆေးဝါး)၊ ပုန်ကန်ခြင်း၊ စာရိတ္တပျက်ပြားခြင်း စသည် တို့အတွက်)**

- လူသန်းပေါင်းများစွာတို့သည် ခရစ်တော်၏ ခွင့်လွှတ်ခြင်းမေတ္တာနှင့်ထိတွေ့ပြီး မိမိတို့အပြစ်များမှပြန်လှည့်ကာ ဝမ်းမြောက်စွာဖြင့် ကိုယ်တော့်နောက်တော်သို့ လိုက်လာကြရန်။
- ခရစ်တော်၏ လက်ဝါးကားတိုင်တော်တရားသည် အပြစ်တန်ခိုးကိုချိုးဖွဲ့ဖျက်ဆီးပြီး မိမိတို့အပြစ်များကို ဆေးကြောပေးသည် ဆိုသည့်မျှော်လင့်ခြင်းကို များစွာသောသူတို့အားရရှိစေရန် (တမန် ၃း၁၉)။
- ဘုရားသခင်သည် ပထမဦးစွာ ခရစ်ယာန်များကို အဓမ္မလမ်းမှလွဲရှောင်စေသည့် ကောင်းချီးမင်္ဂလာဖြင့်မစကာ ထိုမှတဆင့် မိမိတို့၏လူ့အသိုင်းအဝိုင်းတစ်ရပ်လုံး၌ လူထုအတိုင်းအတာဖြင့် နောင်တရသောလှုပ်ရှားမှုများကို ဖြစ်ပေါ်လာစေရန် (တမန် ၃း၂၆)။
- ယောက်ျား၊ မိန်းမ၊ ကလေးသူငယ်များအားလုံးသည် ထိုနောင်တရသောလှုပ်ရှားမှုများအားဖြင့် ဝိညာဉ်ခွန်အားနှင့် ပြည့်ဝလာကာ ဘုရား၏မျက်မှောက်တော်ကို တွေ့ကြုံခံစားကြရန် (တမန် ၃း၁၉)။

*". . . ဆုတောင်းပဌနာပြု၍. . . " (၆ရာ ၇း၁၄)*

**မိမိတို့အတွက်သာမဟုတ်ဘဲ အခြားသူများအတွက်ဆုတောင်းရန် ပြင်ဆင်ခြင်း။** ဘုရားသခင်ထံ နှလုံးသားသွန်းလောင်းပါ။ ကိုယ်တော်ပြုခဲ့သောအမှုများအတွက် ကျေးဇူးတော်ချီးမွမ်းပါ။ အခြားသူများ၏ဝန်ထုပ်ကိုယူပါ။ မိမိတို့လူနေမှုအသိုင်းအဝိုင်းနှင့် တိုင်းပြည်၏ကြီးမားသောလိုအပ်ချက်များအတွက် နှလုံးသားသွန်းလောင်း၍ ငိုကြွေးဆုတောင်းပါ။

*" ထို့ကြောင့် ထာဝရဘုရားထံတော်မှ ချမ်းဧသောအချိန်ကာလသည်ရောက်လာ၍. . . သင်တို့အပြစ်များကို ပြေစေခြင်းငှါ နောင်တရ၍ စိတ်ပြောင်းလဲခြင်းသို့ရောက်ကြလော့" (တမန် ၃း၁၉-၂၀)*

## ပဉ္စမ နေ့
**တနင်္လာနေ့၊ မေလ(၅)ရက်**

### ခရစ်တော်၏ငြိမ်သက်ခြင်းကိုရယူခြင်း

**ဆက်ဆံရေးများပြုပြင်ပြောင်းလဲရန်**

(လူမျိုးရေးခွဲခြားခြင်း၊ ဆင်းရဲခြင်း၊ အကြမ်းဖက်ခြင်း၊ ရာဇဝတ်မှုများ စသည်တို့ အတွက်)

- အသင်းတော်များပြန်လည်သင့်မြတ်ခြင်းအားဖြင့် တစ်ပါးနှင့်တစ်ပါးအကြား ကွဲပြားမှုနှင့်ရန်လိုမှုတို့ ပြေငြိမ်းစေကာ ဘုရားသခင်၏လူတို့နှလုံးသားတွင် ချစ်ခြင်းမေတ္တာ၊ ဝမ်းမြောက်ခြင်း၊ တစ်လုံးတစ်ဝဖြစ်ခြင်း၊ ပျော်ရွှင်ခြင်းတို့နှင့် ပြည့်ဝစေရန်။
- ခရစ်တော်သည် ကြီးမားသောတန်ခိုးနှင့်ထင်ရှားစွာလှုပ်ရှားခြင်းအားဖြင့် ခရစ်ယာန်များသာမကလောကသားတို့ပင် အံ့သြမိန်းမောလာစေရန် (တမန် ၂း၄၃)။
- ဘုရားသခင်၏လူတို့သည် လောဘနှင့်လောကီတပ်မက်မှုတို့ကိုကျော်ခိုင်းပြီး ယခင်နှင့်မတူသော စေတနာရက်ရောမှု မျိုးရှိလာကြစေရန်။
- ဘုရားသခင်သည် စစ်မက်ဖြစ်ပွါးမှုများကိုဖြေရှင်းငြိမ်းချမ်းစေရန် ဝိညာဉ်ဆိုးနတ်ဆိုးများ၏ တိုက်ခိုက်မှုများကို တားမြစ်ဟန့်တားပေးရန် အကြမ်းဖက်မှုများကို နှိမ်နှင်းရန်နှင့် ထိုဒေသများရှိ ထိခိုက်ခံရသောလူတို့၏အသက်တာ များကိုကွယ်ကာပေးရန်။
- ခရစ်ယာန်များသည် ဆင်းရဲနွမ်းပါးမှု၏ဖိနှိပ်မှုဒါဏ်ကို ပြင်းထန်စွာခံရသောလူတို့ကို ကူညီဖေးမပေးနိုင်သောသူများ ဖြစ်လာစေဖို့ ဘုရားသခင်ကအသုံးပြုရန်။

*“. . . ငါ့မျက်နှာကိုရှာလျက်. . . ”(၆ရာ ၇း၁၄)*

**ဘုရားသခင်၏မျက်နှာကိုရှာရန်ပြင်ဆင်ခြင်း။** သင့်လိုအပ်ချက်အတိုင်းအတာကို ကျော်လွန်လျက် ကိုယ်တော့်ကို ဆာငတ်တောင့်တသောစိတ်ရှိစေပါ။ ဘုရားသခင်ကိုသိရန်နှင့် ကိုယ်တော်ကသိသောသူဖြစ်ရန်ချဉ်းကပ်ပါ။ ကိုယ်တော့် ရှေ့တွင်ငြိမ်ဝပ်စွာနေပါ။ ယေရှုနှင့်မျက်နှာချင်းဆိုင်ရသကဲ့သို့ စိတ်ချမှုအပြည့်ဖြင့် ကိုယ်တော်ကိုစကားပြောကာ ဂရုတ စိုက်ပြန်လည်နားထောင်ပါ။

*“. . . ယုံကြည်သောသူအ ပေါင်းတို့သည် တစ်စုတစ်ဝေး တည်းနေကြသဖြင့်. . .*
*. . . ကိုယ်အိမ်၌မုန့်ကိုဖဲ့လျက် ကြည်ဖြူရွှင်လန်းဝမ်းမြောက်သောစိတ်နှင့် အစာအာဟာရကိုသုံးဆောင်ကြ၏။*
*ဘုရားသခင်ကိုလည်းချီးမွမ်း၍ လူအပေါင်းတို့ရှေ့မှာမျက်နှာပွင့်လန်းခြင်းအခွင့်ကိုရကြ၏” (တမန် ၂း၄၄-၄၇)*

---

## ဆဋ္ဌမ နေ့
**အင်္ဂါနေ့၊ မေလ(၆)ရက်**

### အနာဂတ်မျိုးဆက်ကိုတန်ခိုးအာဏာအပ်နှင်းခြင်း

**မိသားစုနှင့် သားသမီးများအတွက် ဘုရားသခင်၏ရည်ရွယ်ချက်**

(ပြိုကွဲနေသော အိမ်ထောင်များ၊ လိင်မှုဖောက်ပြန်မှုများ၊ ကလေးသူငယ်များကိုအဓမ္မ စေခိုင်းခြင်း၊ ကိုယ်ဝန်ဖျက်ချခြင်း စသည်တို့အတွက်)

- ခရစ်တော်သည်အိမ်ထောင်များနှင့် မိသားစုများကို ခိုင်ခံ့စေရန်။
- လူငယ်များသည် ငယ်ရွယ်စဉ်ကပင် ခရစ်တော်နောက်သို့လိုက်ရန်နှင့် အလွန်ကိုင်းရှိုင်းစွာဖြင့် ကိုယ်တော်ကိုဆက်ကပ် အစေခံရန်။

- ခရစ်ယာန်များသည် မိဘမဲ့များ၊ မုဆိုးမများ၊ ခိုလှုံရာမဲ့သူများ၊ အိုးမဲ့အိမ်မဲ့များအား ဘုရားသခင်မိသားစု၏ မေတ္တာကိုပြနိုင်ရန်။
- ခရစ်ယာန်များသည် မိဘမဲ့များနှင့်စစ်ကြောင့်ငှင်း၊ HIV/AIDS ရောဂါကြောင့်ငှင်း၊ ထိခိုက်ခြင်းခံစားနေရသော သန်းပေါင်းများစွာသောကလေးများကို ဘုရားသခင်၏ ဖခင်မေတ္တာပြသနိုင်ရန်။
- ကိုယ်တော်၏ဂတိတော်များကို ပြည့်စုံစေရန် အနာဂတ်မျိုးဆက်သစ်များထံ ဘုရားသခင်ကတန်ခိုးအာဏာအပ်နှင်းစေရန်။

*". . . အခမ္မလမ်းကိုလွှဲရှောင်လျှင်. . . " (မြာ ၇း၁၄)*

**နောင်တရရန်ပြင်ဆင်ခြင်း။** စကားနှင့်ဝန်ချတောင်းပန်ရုံသက်သက် မဖြစ်ပါစေနှင့်။ မကောင်းမှုမှ လှည့်လာရန်နှင့် ထိခိုက်စေသောလမ်းများကိုစွန့်နိုင်ရန် ဘုရားသခင်ထံမှ တန်ခိုးတောင်းခံပါ။ မိမိတို့၏လူ့အသိုင်းအဝိုင်းနှင့်ဆက်ဆံရေးတို့တွင် ရေရှည်ခံသောပြောင်းလဲမှုကို ဘုရားသခင်ပေးမည်ဟူသော မျှော်လင့်ခြင်းရှိစေပါ။

*". . . အကြောင်းမူကား ဂတိတော်သည် သင်တို့နှင့်ငှင်း၊ သင်တို့၏သားသမီးတို့နှင့်ငှင်း ဆိုင်၏. . . " (တမန် ၂း၃၉)*

---

# သတ္တမ နေ့
**ဗုဒ္ဓဟူးနေ့၊ မေလ(၇)ရက်**

## ဘုရားသခင်၏ဖိတ်ခေါ်သံကိုပဲ့တင်ထပ်စေခြင်း
**ဘုရားသခင်၏အသံတော်ကိုနိုင်ငံတိုင်းနှင့် လူမျိုးတိုင်းကြားစေရန်**
**(ဧဝံဂေလိမကြားသေးသောသူများ၊ ရုပ်တုကိုးကွယ်သူများ၊ မယုံကြည်သူများ၊ စာမဖတ် တတ်သူများ စသည်တို့အတွက်)**

- နိုင်ငံတိုင်း၊ လူမျိုးနွယ်တိုင်းနှင့် ဘာသာစကားအမျိုးမျိုးပြောသော လူတိုင်းထံနှုတ်ကပတ်တော်၊ ဧဝံဂေလိသတင်းကို ဟောပြောကြေငြာရန် (တမန် ၁း၈၊ ၂း၅)။
- ဤလောကသားအားလုံးတို့သည် မိမိတို့ယဉ်ကျေးမှုဓလေ့အတွင်း မိမိတို့၏ဘာသာစကားဖြင့် "ဘုရားသခင်၏ကြီးမားသောလုပ်ဆောင်မှု" များကို ကြားသိစေရန် (တမန် ၂း၁၁)။
- ဧဝံဂေလိတရားမကြားသိရသော ထောင်ပေါင်းများစွာသောလူမျိုးစုများအား ခရစ်တော်နောက်သို့ လိုက်လာစေရန်။ ယင်းတို့၌အရေးပါပြီး ကြီးထွားသောဆပွါးပွါးများသည့်အသင်းတော်များမရှိသေးပေ။
- မိမိတို့ဘာသာဖြင့် ကျမ်းပိုဒ်တစ်ပိုဒ်မျှပင်မရှိသေးသော ထောင်ပေါင်းများစွာသော လူမျိုးစုများအတွက် ယင်းတို့၏ဘာသာစကားဖြင့်သမ္မာကျမ်းစာကိုဘာသာပြန်နိုင်ရန်။
- ဘုရားသခင်သည် လူများစွာတို့အား အထံတော်သို့ခေါ်ရန်(တမန် ၂း၃၉) နှင့် ကိုယ်တော်ကိုပဌနာပြု၍ ခေါ်သောသူတို့ကယ်တင်ခြင်းရရှိကြစေရန် (တမန် ၂း၂၁)။

*". . . ငါသည် ကောင်းကင်ဘုံ၌ နားထောင်မည်။ သူတို့အပြစ်ကိုဖြေ၍. . . " (မြာ ၇း၁၄)*

**ဝန်ချတောင်းပန်ရန်ပြင်ဆင်ခြင်း။** ခရစ်တော်ထံမိမိစိတ်နှလုံးကိုဖွင့်လှစ်ပါ။ မိမိအပြစ်ကိုဝန်ခံပါ။ အခြားသူများအားထိခိုက်စေခဲ့မိသည့်ကျူးလွန်မှုများကို ဝန်ချပါ။ အပြစ်ရှိသည်ဟူသောဝန်မှသော်ငှင်း၊ အပြစ်တန်ခိုး၏ချည်နှောင်ခြင်းမှငှင်း၊ မိမိနှင့်အခြားသူများအားလွတ်မြောက်စေရန် ဘုရားသခင်ထံတောင်းလျှောက်ပါ။

*". . . ဝေးသောသူတို့တွင် ငါတို့၏ဘုရားသခင်ထာဝရဘုရား*
*ခေါ်တော်မူသမျှသောသူတို့နှင့်ငှင်း ဆိုင်သည်. . . " (တမန် ၂း၃၉)*

## အဌမ နေ့
### ကြာသပတေးနေ့၊မေလ(၈)ရက်

## သခင်ယေရှု၏ဘုန်းတော်အတွက်ဆင်းရဲဒုက္ခကိုတန်ခိုးနှင့်ခံယူခြင်း
**သစ္စာရှိ၍ရဲရင့်သောဘုရားသခင်လူတို့အတွက်**
(ညှင်းပန်းနှိပ်စက်မှုများ၊ မတရားမှုများ၊ အကြမ်းဖက်မှုများအတွက်)

- သခင်ယေရှုကိုအစေခံခြင်းကြောင့် ဆန့်ကျင်တိုက်ခိုက်ခြင်းခံရသောသူသည် ယေရှု၏နူးညံ့သိမ်မွေ့ခြင်းနှင့် ရဲရင့်ခြင်း သတ္တိတို့ကို ပြသလျက် တုန့်ပြန်နိုင်ကြစေရန် (တမန် ၄း၁၃)။
- ခရစ်တော်နာမကြောင့်ဆင်းရဲဒုက္ခခံစားရသော ခရစ်ယာန်များ ယုံကြည်ခြင်း၌ အားကြီးစေရန်။
- ဘုရားသခင်ကိုဆန့်ကျင်သောနေရာဒေသများတွင် ကိုယ်တော်၏ကြီးမားသော လုပ်ဆောင်မှုများအားဖြင့် ဘုန်းတော် ထင်ရှားလာစေရန် (တမန် ၄း၂၁)။
- ကျွန်ုပ်တို့ခေါင်းဆောင်များနှင့် အစိုးရမင်းများ ကောင်းချီးရရှိခံစားရန်။
- ခရစ်တော်ကိုဆန့်ကျင်နေကြသည့် အစိုးရခေါင်းဆောင်များသည် (တမန် ၄း၂၅-၂၇) "ဘုရားသခင်ကိုတိုက်ခိုက် သောသူများ" မဖြစ်ကြစေရေးအတွက် ဘုရားသခင်ထံမှ ဉာဏ်ပညာကို ရရှိကြစေရန် (တမန် ၅း၃၉)။

*". . . သူတို့ပြည်ကိုချမ်းသာပေးမည်။" (၆ရာ ၇း၁၄)*

**ပြုပြင်ပြောင်းလဲစေရန်ပြင်ဆင်ခြင်း။** သင့်တိုင်းပြည်နှင့် လူနေမှုအသိုင်းအဝိုင်းတစ်ခုလုံးတွင် ကြီးမားသောပြောင်းလဲ မှုများကို ဘုရားသခင်ပေးရန်မျှော်လင့်ပါ။ ထိုပြောင်းလဲမှုအချို့သည် တဖြည်းဖြည်းဖြစ်ပေါ်လာပြီး၊ အချို့မှာ ရုတ်တရက် ဖြစ်ပေါ်လာပါမည်။ ကမ္ဘာကြီးပြန်၍ကောင်းမွန်လာဖို့ ပြန်လည်ထူထောင်ရန်နှင့်၊ ဆုတ်ယုတ်နေသောလူ့အဖွဲ့အစည်းများ မြှင့်တင်ခြင်းနှင့် ဆက်ဆံရေးများပြန်လည်ကောင်းမွန်ခြင်းတို့ရရှိရန် မျှော်လင့်ချက်အသစ်ပြန်ထားပါ။

*". . . သခင်ယေရှု၏နာမတော်ကြောင့် မိမိတို့သည် အရှက်ကွဲခြင်းကိုခံထိုက်ကြသည်ဟု မှတ်တော်မူသောကြောင့် ဝမ်းမြောက်သောစိတ်ရှိ၍ . . . " (တမန် ၅း၄၁)*

---

## နဝမ နေ့
### သောကြာနေ့၊ မေလ(၉)ရက်

## ခရစ်တော်၏အနာငြိမ်းခြင်းကိုယူဆောင်ခြင်း
**ခရစ်တော်သည်ကြီးမားများပြားသောအနာရောဂါငြိမ်းခြင်းပေးသနားရန်**
(ဂရုစိုက်ကုသမည့်သူမရှိသည့်ရောဂါသည်များ၊ AIDS ဝေဒနာရှင်များ၊ ပြစ်မှားခံရသူများ၊ ညစ်ညမ်းသောနေရာများ စသည်တို့အတွက်)

- ဖျားနာသူများအားတို့ထိပြီး နိမိတ်လက္ခဏာဖြင့် ကျန်းမာခြင်းပေးသော ခရစ်တော်၏လက်တော်ကို လူ့အသိုင်းအဝိုင်း တစ်ခုလုံးက တွေ့မြင်နိုင်ရန်။ (တမန် ၅း၁၄-၁၆)
- များစွာသောလူတို့၏ရှေ့တွင် အံ့သြဖွယ်နိမိတ်လက္ခဏာများအားဖြင့် ခရစ်တော်၏နာမကိုကြေငြာနိုင်ရန် (တမန် ၃း၁၆)။
- ရောဂါဆိုးများကိုသုတ်သင်ရှင်းလင်းရာတွင်၊ သနားခြင်းဂရုဏာနှင့်ဖွဲ့လုံ့လဖြင့် ပညာရှိစွာလုပ်ဆောင်ရန်။ ကျွန်ုပ်တို့ ၏မျိုးဆက်တွင် HIV/AIDS ရောဂါပပျောက်စေရန်။
- ဆင်းရဲချို့တဲ့သောသူများ အခြေခံကျန်းမာရေးစောင့်ရှောက်မှု ရရှိအောင်ဆောင်ရွက်ရာ၌ ခရစ်ယာန်များ ပူးပေါင်း

ပါဝင်ဆောင်ရွက်ရန်။ ကမ္ဘာတစ်ဝှမ်းတွင် ကလေးသူငယ်ထောင်ပေါင်းများစွာသည် ကာကွယ်နိုင်သော ရောဂါများဖြင့်ပင် နေ့စဉ်သေဆုံးနေကြသည်။

- မိမိတို့နိုင်ငံတွင် အနာရောဂါငြိမ်းခြင်း သက်ရောက်စေရန် ဘုရားသခင်က တန်ခိုးကြီးစွာ လုပ်ဆောင်မည်ဟူသော ယုံကြည်ကိုးစားမှုဖြင့် ခရစ်ယာန်များ ပညာရှိစွာလုပ်ဆောင်နိုင်ရန်။

". . . ငါကြည့်ရှုမည်။ ဤအရပ်၌ပန်၍ ဆုတောင်းသောစကားကို ငါနားထောင်မည်။" (၆ရာ ၇း၁၅)

**ဘုရားသခင်၏ငေးမောရှုစားမှုရရန်ပြင်ဆင်ခြင်း။** မိမိစိတ်နှလုံးကို ဘုရားသခင်ဘက်သို့ မျှော်လင့်ချက်ဖြင့် ပြန်လှည့်လာပါ။ ကိုယ်တော်သည် သင့်စကားလုံးတိုင်းကို နားထောင်ရန်နှင့် အသက်ပေးသောချစ်ခြင်းမေတ္တာဖြင့် ကျွန်ုပ်တို့ကို အာရုံစိုက်ရှုစားစေရန်အလို့ငှါ စိတ်နှလုံးကို ကြောက်ရွံ့လေးစားသောစိတ် ဖြစ်ပေါ်စေပါ။

*"အနာရောဂါငြိမ်းစေခြင်းငှါ လက်တော်ကိုဆန့်တော်မူ၍*
*သန့်ရှင်းသောသားတော်ယေရှု၏နာမတော်အားဖြင့်*
*နိမိတ်လက္ခဏာ၊ အံ့ဘွယ်သောအမှု တို့ကို ဖြစ်စေတော်မူပါ "*
*(တမန် ၄း၃၀)*

---

## ဒသမ နေ့
**စနေနေ့၊ မေလ(၁၀)ရက်**

## ခရစ်တော်၏ကောင်းချီးမင်္ဂလာကိုကမ်းလှမ်းခြင်း

**လူသားအားလုံးအပေါ် ဂတိတော်ပြည့်စုံစေရန်**

**(ဆာလောင်မွတ်သိပ်ခြင်း၊ စစ်ဘေးဒဏ်ခံစားရခြင်း၊ ဂိုဏ်းဖွဲ့ရာဇဝတ်မှုကျူးလွန်ခြင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်း စသည်တို့အတွက်)**

- ခရစ်ယာန်များသည် ကောင်းချီးမင်္ဂလာနှင့်ဆိုင်သော ရှေးဂတိတော် မကြာမီပြည့်စုံမည်ဟူသော မျှော်လင့်ခြင်းဖြင့် အသက်ရှင်လျက် မိမိတို့၏မြို့/ရပ်ကွက်အသိုင်းအဝိုင်းနှင့်နိုင်ငံများတွင် ပြုပြင်ပြောင်းလဲမှုကို သက်ရောက်စေရန်။
- လူ့အသက်တာများ၊ မြို့ကြီးများနှင့်၊ တိုင်းနိုင်ငံများပြုပြင်ပြောင်းလဲရေးအတွက် ဘုရားသခင်နှင့်အတူလုပ်ဆောင်နိုင်ရန် အသင်းတော်များသည် ခရစ်တော်၏နာမ၌တစ်လုံးတစ်ဝတည်းလက်တွဲလုပ်ဆောင်ကြရန်။
- ဘုရားသခင်၏ဖြောင့်မတ်ခြင်းနှင့် တရားမျှတခြင်းသည် စီးပွားကုန်သွယ်ရေးနှင့် နိုင်ငံရေးစနစ်များကို ပြုပြင်ပြောင်းလဲစေရန်နှင့် လူမှုအသိုင်းအဝိုင်း တစ်ခုလုံးအား စာရိတ္တပျက်ယွင်းမှုနှင့်ဆိုင်သော ကျိန်ခြင်းအမင်္ဂလာမှ သန့်ရှင်းကင်းစင်စေရန်။
- ကမ္ဘာပေါ်ရှိလူမျိုးအပေါင်းတို့၏ ကျေးဇူးတော်ချီးမွမ်းဂုဏ်ပြုပွဲဆင်နွဲကျင်းပမှုကြီးအထဲမှ ခရစ်တော်၏နိုင်ငံတော်နှင့်ဆိုင်သောဝမ်းမြောက်ခြင်းပေါ်ထွက်လာစေရန်။

*". . . ငါ့မျက်စိနှင့်ငါ့နှလုံးအစဉ်စွဲလန်းစရာဘို့ ဤအိမ်ကိုငါရွေးချယ်၍ သန့်ရှင်းစေပြီ" (၆ရာ ၇း၁၆)*

**ကိုယ်တော်၏ကျိန်းဝပ်ရာအဖြစ် မိမိကိုယ်ကိုဆက်ကပ်ရန်ပြင်ဆင်ခြင်း။** သန့်ရှင်းသောဝိညာဉ်တော်ကို သင်နှင့်တကွ သင့်မိသားစုနှင့်မိတ်ဆွေများအပေါ်၌ သွန်းလောင်းပြည့်ဝစေရန် ဖိတ်ခေါ်ပါ။ ကျွန်ုပ်တို့၏ နှလုံးသားများသည် ကိုယ်တော်၏ ဆန်းကြယ်သောမေတ္တာဖြင့် ပြည့်လျှံကာ ဤကမ္ဘာတခွင်လုံး၌ ဘုန်းတော်ထင်ရှားလာစေရန် ခရစ်တော်ကို မိမိလူတို့၌ ကျိန်းဝပ်ဖို့ဖိတ်ခေါ်ပါ။

*"ဘုရားသခင်သည်အာဗြဟံကို သင်၏အမျိုးအနွယ်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကိုခံရကြလိမ့်မည်ဟု ဗျာဒိတ်ထားတော်မူ၍. . . " (တမန် ၃း၂၅)*

# ကမ္ဘာလုံးဆိုင်ရာ ဆုတောင်းရာနေ့

## The Global Day of Prayer

### ပင်တေကုတ္တေတနင်္ဂနွေနေ့ – မေလ (၁၁)ရက်

**ပင်တေကုတ္တေနံနက်ခင်းတွင်သင့်ဒေသန္တာရအသင်းတော်နှင့်အတူဆုတောင်းပါ။**

ပင်တေကုတ္တေတနင်္ဂနွေနေ့နံနက်အစည်းအဝေးတွင် အထူးစုပေါင်းဆုတောင်းရန် ကဏ္ဍတစ်ရပ်ကို သီးသန့်သတ်မှတ်ပြီးဆုတောင်းပါ။ ကျွန်ုပ်တို့သည် ကမ္ဘာကြီးအတွက်ဆုတောင်းကြသည်အလျောက် ဤနေ့ရက်တွင် တစ်ကမ္ဘာလုံးရှိယုံကြည်သူများနှင့်အတူ တစ်ပြိုင်တည်း ဆုတောင်းနေကြခြင်းဖြစ်ကြောင်း အယောက်တိုင်းက နားလည်သိရှိစေရန် နည်းလမ်းများတီထွင်ဖန်တီးပါ။ အောက်ဖော်ပြပါထိရောက်သောနည်းလမ်းများကို အသုံးပြုနိုင်ပါသည်။

- ကမ္ဘာအရပ်ရပ်ရှိ လူသန်းပေါင်းများစွာတို့သည် အတူတကွစုဝေးကြပြီး ခရစ်တော်၏ဘုန်းထင်ရှားရန်နှင့် လူမျိုးနွယ်တိုင်း၌ အသစ်ပြုပြင်ပြောင်းလဲမှုဖြစ်ရန် ဆုတောင်းကြမည်ဖြစ်ကြောင်း ကြေငြာပါ။
- "ကမ္ဘာကြီးအတွက်ဆုတောင်းချက်" (စာမျက်နှာ ၁၃-၁၅)ကို ဖတ်ကြားကြေငြာပါ။
- ၁၀ ရက်တာအတွင်း လူအများမည်ကဲ့သို့ဆုတောင်းခဲ့ကြောင်း အစီရင်ခံချက်များကိုဝေငှပါ။
- အခြားသောနီးစပ်ရာအသင်းတော်များနှင့် စုပေါင်းအစည်းအဝေးပြုလုပ်ရန် ထည့်သွင်းစဉ်းစားပါ။

**မွန်းလွဲပိုင်းနှင့်ညနေပိုင်းများတွင်လူထုဆိုင်ရာနေရာများ၌စုဝေးခြင်း**

ပင်တေကုတ္တေနေ့၏မွန်းလွဲပိုင်းနှင့်ညနေပိုင်းတွင် တစ်ကမ္ဘာလုံးရှိလူအမျိုးမျိုးနှင့် ဂိုဏ်းဂဏအသီးသီးမှ ခရစ်ယာန်များသည် ၎င်းတို့၏နေအိမ်များနှင့် အခြားသင့်လျော်သောနေရာများ၊ လူထုအားကစားကွင်းကြီးများ၊ ပြဇာတ်ရုံများနှင့် လေဟာပြင်ကွင်းများတွင် အတူတကွစုဝေးကြပါမည်။ အချို့အစည်းအဝေးများသည် လူနည်းစု စုဝေးခြင်းများဖြစ်နိုင်ပြီး၊ အချို့မှာ ကြီးမားသောလူထုအစည်းအဝေးကြီးများဖြစ်နိုင်ပါသည်။ သို့သော် အယောက်တိုင်းသည် နောင်တနှင့်မျှော်လင့်ခြင်းဟူသောတူညီသည့်ရှုပါရုံတစ်ခုတည်းဖြင့် ဆုတောင်းကြမည်ဖြစ်သည်။ ပထမဆုံးသောပင်တေကုတ္တေနေ့တွင် လမ်းများပေါ်၌၎င်း၊ လေဟာပြင်လူထုစည်းဝေးရာနေရာများ၌၎င်း ခရစ်တော်၏ကောင်းချီးမင်္ဂလာများ ထင်ရှားစွာပြသခဲ့သည်နည်းတူ ကျွန်ုပ်တို့သည်ခရစ်တော်၏နာမ၌ထင်ရှားပွင့်လင်းစွာ ဘုရားသခင်အားဝတ်ပြုကိုးကွယ်လျက် တိုင်းနိုင်ငံများချမ်းသာရစေရန်နှင့် ကောင်းချီးခံစားစေရန်ဆုတောင်းကြပါမည်။ အသင်းတော်အဆောက်အဦးနံရံများကို ကျော်လွန်လျက် ပြင်ပနေရာများတွင် အဖြစ်နိုင်ဆုံးစုဝေးရန်ကြိုးစားကြရပါမည်။

- သင်နှင့်အနီးဆုံးစုဝေးမည့်အစီအစဉ်ကို www.gdopusa.com တွင် ရှာဖွေဖတ်ရှုနိုင်ပါသည်။
- သင့်မြို့တွင်စုဝေးမှုတစ်ရပ် ဖြစ်မြောက်အောင် ကူညီစည်းရုံးလုပ်ဆောင်ပါ။ သင်၏ သင်းအုပ်ဆရာနှင့် အခြားလေးစား ထိုက်သော ဒေသဆိုင်ရာခေါင်းဆောင်များနှင့် တိုင်ပင်ဆွေးနွေးပါ။ မည်သည့်အရွယ်အစား စုဝေးဆုတောင်းခြင်း အစီအစဉ်မျိုးကိုမဆို စည်းရုံးလုပ်ဆောင်နိုင်အောင် ရိုးရှင်း၍ လက်တွေ့ကျသောအကူအညီများ ရရှိရန်အတွက် www.gdopusa.com တွင် ရှာဖွေဖတ်ရှုပါ။
- စုဝေးခြင်းအားလုံးသည် ကြီးမားသောလူထုစုဝေးခြင်းများဖြစ်မည်မဟုတ်ပေ။ များစွာသောသူတို့သည် နေအိမ်များတွင်အဖွဲ့ငယ်များအဖြစ် စုဝေးခြင်းဖြင့်၎င်း၊ သို့မဟုတ် မိမိတို့၏ရပ်ကွက်၊ မြို့နယ်အသိုင်းအဝိုင်း ပတ်ဝန်းကျင်ရှိ လူထုစည်းဝေးရာနေရာများ၌ စုဝေးခြင်းဖြင့်၎င်း၊ အစည်းအဝေးများကိုပြုလုပ်ကြမည်ဖြစ်သည်။ အကယ်၍ ကြီးမားသော လူထုအစည်းအဝေးများကို စီစဉ်ထားခြင်းမရှိပါက သင့်အိမ်တွင် ဤဆုတောင်းစုဝေးခြင်းကို လက်ခံကျင်းပမည်ဆိုလျှင်ပင် အလွန်သင့်မြတ်ကောင်းမွန်မည် မဟုတ်ပါလော။

**တစ်သံတည်းဖြင့်ဆုတောင်းပါ– "ကမ္ဘာကြီးအတွက်ဆုတောင်းချက်"**

နိုင်ငံတကာဆုတောင်းကောင်စီ (International Prayer Council) အဖွဲ့ဝင်များသည် အောက်ဖော်ပြပါ ဆုတောင်းချက်များကိုပြင်ဆင်ထားပါသည်။ ယင်းကို ဘာသာစကားများစွာဖြင့် ပြန်ဆိုထားပြီးဖြစ်၍ ထိုပြန်ဆိုချက်များကို

www.globaldayofprayer.com တွင် ဖတ်ရှုနိုင်ပါသည်။ ဤဆုတောင်းချက်ကို Global Day of Prayer ကမ္ဘာလုံးဆိုင်ရာဆုတောင်းရာနေ့ စုဝေးခြင်းတိုင်းတွင်ဖတ်ရှုလျက် တညီတညွတ်တည်းဆုတောင်းကြရမည်ဖြစ်သည်။

---

# ကမ္ဘာကြီးအတွက်ဆုတောင်းချက်

## A Prayer for the World

**"ထိုသူများတို့သည်... တညီတညွတ်တည်းဘုရားသခင်ထံသို့ အသံကိုလွှင့်လျက်" (တမန် ၄း၂၄)**

**အနန္တတန်ခိုးရှင်ဘုရားသခင် – ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်**

- ကျွန်ုပ်တို့သည် ကိုယ်တော်၏နာမတော်ကို ချီးမြှောက်ဂုဏ်ပြုရန် ကမ္ဘာတစ်ဝှမ်းလုံးရှိ ယုံကြည်သူများနှင့်အတူတကွ စုဝေးကြပါ၏။
- ကိုယ်တော်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းသောအရှင် ဖြစ်ပါ၏။
- ကိုယ်တော်၏လမ်းတော်တို့သည် သန့်ရှင်းဖြောင့်မတ်ပါ၏။ ကိုယ်တော်ကဲ့သို့သောသူမရှိပါ။
- ဤစကြာဝဠာ၏ ဘုရင်ဖြစ်သော ကိုယ်တော်၏အခွင့်အာဏာနှင့် အချုပ်အခြာအာဏာအောက်တွင် ကျွန်ုပ်တို့သည် ဝန်ခံအပ်နှံကာ မိမိတို့၏နှလုံးသားများထဲ၌ ကိုယ်တော်ကို စိုးစံစေရန်နှင့် ဤကမ္ဘာလောကသားများရှေ့တွင် ဂုဏ်ပြုရန် တစ်လုံးတစ်ဝတည်းဖြင့် ဆုတောင်းကြပါ၏။

***ပရိသတ်*** ။ **ထာဝရအရှင်ဘုရားသခင်၊ ကျွန်ုပ်တို့၏ချီးမွမ်းခြင်းနှင့် ကြည်ညိုလေးမြတ်ခြင်းတို့ကို ကိုယ်တော်တစ်ပါးတည်းသာလျှင် ခံထိုက်ပါ၏။**

**ကောင်းကင်ဘုံ၌ရှိတော်မူသောကျွန်ုပ်တို့အဖ**

- ကျွန်ုပ်တို့အား ကိုယ်တော်နှင့် ပြန်လည်သင့်မြတ်စေရန်အလို့ငှါ၊ လက်ဝါးကားတိုင်ပေါ်တွင်ကျွန်ုပ်တို့ အပြစ်အတွက် အသေခံဖို့ ကိုယ်တော်၏တစ်ပါးတည်းသော သားတော်ယေရှုခရစ်ကို စွန့်တော်မူသည်တိုင်အောင် ဤကမ္ဘာလောကကို ချစ်တော်မူသောကြောင့် ကျေးဇူးတင်ပါ၏။
- ကိုယ်တော်ကို "အဘ" ဟုခေါ်ရသောအခွင့်နှင့် ဘုရားသားဖြစ်ရသောအခွင့်ကို ပေးတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။
- ကိုယ်တော်၏ ချစ်ခြင်းမေတ္တာတော်နှင့် ကျွန်ုပ်တို့အား မည်သည့်အရာကမျှ မကွဲကွာစေနိုင်ပါ။

***ပရိသတ်*** ။ **ကယ်တင်ရှင်ယေရှုခရစ်အားဖြင့် ကျွန်ုပ်တို့အား ကိုယ်တော်၏မိသားစုဝင်ဖြစ်စေ သောကြောင့် ကျေးဇူးတင်ပါ၏။**

**သခင်ယေရှုခရစ်**

- ကိုယ်တော်တစ်ပါးတည်းသာလျှင် လူ့သမိုင်းစာလိပ်များကို ဖွင့်ထိုက်ပါ၏။ အဘယ့်ကြောင့်ဆိုသော်ကိုယ်တော်သည် အသေခံလျက် အသွေးတော်ဖြင့် ခမည်းတော်ထံသို့ ကျွန်ုပ်တို့အား ရွေးနှုတ်ခဲ့ပါ၏။
- ကိုယ်တော်သည်အသင်းတော်၏ဦးခေါင်း၊ ကောင်းကင်နှင့်မြေကြီးပေါ်ရှိအရာအားလုံးတို့၏ အရှင်သခင်ဖြစ်ကြောင်းကို ဝန်ခံကြပါ၏။
- လူအနွယ်တိုင်းနှင့် ဘာသာစကားတိုင်းကို ပြောဆိုသောလူတို့အား နောက်တော်လိုက်များဖြစ်စေသည့် ကိုယ်တော်

ရှင်၏ ပြုပြင်ပြောင်းလဲခြင်း ကောင်းချီးမင်္ဂလာကို ဤမြေကြီးပေါ်ရှိလူသားတိုင်းထံ သက်ရောက်စေတော်မူပါ။

- ဤကမ္ဘာပေါ်ရှိ တိုင်းနိုင်ငံတိုင်းတွင် ကိုယ်တော်၏နိုင်ငံတော်တည်ထောင်ခြင်းအားဖြင့် အစိုးရခေါင်းဆောင်များသည် ဖြောင့်မတ်ခြင်းနှင့်တရားမျှတခြင်းဖြင့် အုပ်စိုးကြပါစေသော။
- နေထွက်မှ နေဝင်သည်တိုင်အောင် ကိုယ်တော်၏နာမတော်သည် ရိုသေလေးမြတ်ခြင်းရှိပါစေသော။

***ပရိသတ်*** ။ **သခင်ယေရှုခရစ် - ကိုယ်တော်သည် လူသားအားလုံး၏ကယ်တင်ရှင်နှင့် သခင်ဖြစ်ပါ၏။**

## ကျေးဇူးတော်နှင့်ဂရုဏာတော်ရှင်အဖ

- ကျွန်ုပ်တို့သည် ပြစ်မှားလွန်ကျူးခဲ့ကြပြီး ဤကမ္ဘာလောကကြီးသည်လည်း အပြစ်တန်ခိုး၏ ထိန်းချုပ်ထားခြင်း ခံရကြောင်းကို သိမှတ်ကြပါ၏။
- ကျွန်ုပ်တို့သည် မတရားခြင်း၊ မုန်းတီးခြင်းနှင့် အဓမ္မပြုကျင့်အကြမ်းဖက်ခြင်းတို့ကြောင့် ကြေကွဲဝမ်းနည်းကြပါ၏။
- ဖိနှိပ်ခြင်း၊ လူမျိုးရေးစိတ်ခါတ်ပြင်းထန်ခြင်း၊ အသွေးသွန်းခြင်းတို့ကြောင့် ဝမ်းနည်းကာ အရှက်ကွဲကြပါ၏။
- စစ်မက်ဖြစ်ပွါးခြင်း၊ အကြမ်းဖက်ခြင်းနှင့် သတ်ဖြတ်ခြင်းတို့ကြောင့် အသက်ပေါင်းများစွာ သေကြေပျက်စီးရသည့်အတွက် ကျွန်ုပ်တို့ငိုကြွေးကြပါ၏။
- ပုန်ကန်ခြင်းနှင့် မာန်မာနထောင်လွှားခြင်းတို့ကြောင့် ကျွန်ုပ်တို့၏အိမ်ထောင်များသည် ပြိုကွဲကာ အသင်းတော်များလည်းကွဲပြားကြပါ၏။
- ကျွန်ုပ်တို့၏အသက်တာများသည် တစ်ကိုယ်ကောင်းဆန်ခြင်း၊ လောဘလွန်ကျူးခြင်း၊ ရုပ်တုဆင်းတုကိုးကွယ်ခြင်းနှင့် မတရားသောမေထုန် ကျူးလွန်ခြင်းတို့ဖြင့် ညစ်ညူးကြပါ၏။
- ကျွန်ုပ်တို့သည် ကိုယ်တော့်နှလုံးသားကို ထိခိုက်ဝမ်းနည်းစေကာ နာမတော်ကိုလည်း ရှုတ်ချကြပါ၏။
- ကျွန်ုပ်တို့သည် စိတ်နှလုံးအကြွင်းမဲ့နောင်တရလျက် ကိုယ်တော်၏ဂရုဏာတော်ကို တောင်းခံကြပါ၏။

***ပရိသတ်*** ။ **ဂရုဏာတော်ရှင်ဘုရားသခင် - ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်တော်မူပါ။ ကိုယ်တော့်ကျေးဇူးတော်ကိုသွန်းလောင်းလျက် ကျွန်ုပ်တို့ပြည်ကို ချမ်းသာပေးတော်မူပါ။**

## သန့်ရှင်းသောဝိညာဉ်တော်ဘုရား

- ကိုယ်တော်မပါလျှင် ကျွန်ုပ်တို့ဘာမျှမတတ်နိုင်ပါ။
- ကိုယ်တော့်အသင်းတော်ကို ယေရှုခရစ်၏သဏ္ဍာန်တော်နှင့်အညီ ပြုပြင်ပြောင်းလဲစေတော်မူပါ။
- မကျန်းမမာသောသူများ အနာငြိမ်းရန်၊ ဖိစီးခြင်းခံရသူများ လွတ်မြောက်ရန်နှင့် ဝမ်းနည်းကြေကွဲသူများ နှစ်သိမ့်ခြင်းရရှိရန် ကိုယ်တော့်တန်ခိုးတော်ကို စေလွှတ်တော်မူပါ။
- ကျွန်ုပ်တို့သည် အိုးအိမ်မဲ့သူများ၊ ဆာလောင်မွတ်သိပ်သူများ၏ ခေါ်သံကိုထူး၍ မိဘမဲ့များ၊ မုဆိုးမများနှင့်သက်ကြီးရွယ်အိုများတို့ကို ကိုယ်တော်၏ ထွေးပိုက်မစခြင်းသို့ ပို့ဆောင်သိမ်းသွင်းနိုင်စေရန် ကျွန်ုပ်တို့၏ စိတ်နှလုံးတွင် ကိုယ်တော့်မေတ္တာကို သွန်းလောင်းကာ သနားကြင်နာမှုဖြင့် ပြည့်စေတော်မူပါ။
- ယနေ့ကျွန်ုပ်တို့ကြုံတွေ့နေသောပြဿနာများအတွက် ပညာနှင့်ထိုးထွင်းသိမြင်နိုင်စွမ်းကို ပေးသနားတော်မူပါ။
- လူသားအားလုံး ကောင်းစားရေးအတွက် ဤမြေကြီးပေါ်ရှိ သယံဇာတအရင်းအမြစ်များကို အသုံးပြုနိုင်ရန် မစတော်မူပါ။

***ပရိသတ်*** ။ **သန့်ရှင်းသောဝိညာဉ်တော်ဘုရား - ကိုယ်တော်၏ နှစ်သိမ့်ခြင်းနှင့်လမ်းပြခြင်းကို ကျွန်ုပ်တို့လိုအပ်ပါ၏။ ကျွန်ုပ်တို့နှလုံးသားများကို ပြုပြင်ပြောင်း လဲစေတော်မူပါ။**

**သခင်ယေရှုခရစ်**

- ကိုယ်တော်သည် အသေခံခဲ့ပြီး ယခုတွင်ရှင်ပြန်ထမြောက်ခြင်းကြောင့်၊ ခမည်းတော်ဘုရားသည် ကိုယ်တော်အား နာမတကာတို့အထက် ဘွဲ့နာမကိုပေးသနားတော်မူပြီ။ ထို့ကြောင့် ကိုယ်တော်သည် မကောင်းမှု၏တန်ခိုးမှန်သမျှကို ရှုံးနိမ့်စေမည်ဖြစ်ပါ၏။
- ဘုရားသခင်ကို သိသောပညာကို ဆန့်ကျင်ဆီးတားသော ရန်သူ၏ခြေကုပ်စခန်းများနှင့် သဘောတရားရေးရာဝါဒ စနစ်များကို ဖြိုချဖျက်ဆီးရန် တောင်းလျှောက်ပါ၏။
- လူတို့၏ဝိညာဉ်မျက်စိကို ဖုံးကွယ်သော ကန့်လန့်ကာများကို ဖယ်ရှားပေးရန် ဆုတောင်းပါ၏။
- အဓမ္မပြုကျင့်ခြင်းနှင့် သေခြင်းတို့ကိုဖြစ်ပွါးစေသော မကောင်းမှုများကို ဟန့်တားတော်မူပါ။
- နတ်ဆိုးနှင့်ဆိုင်သော နှိပ်စက်ဖိနှိပ်မှုများမှ လွတ်မြောက်ဖို့အတွက် ဆုတောင်းပါ၏။
- ကျွန်ပြုခြင်း၊ မတရားစိုးမိုးခြင်းနှင့် ရောဂါဖိစီးခြင်းတို့ကို ချိုးဖဲ့ဖျက်ဆီးတော်မူပါ။
- ကိုယ်တော့်နှုတ်ကပတ်တော်ကို ရဲရင့်စွာဟောပြောနိုင်ရန်သတ္တိနှင့် ပျောက်ဆုံးဝိညာဉ်များအတွက် သစ္စာရှိစွာကိုယ်စား ပြု အယူခံဝင်နိုင်ရန်၊ ခွန်အားကို မစတော်မူပါ။

***ပရိသတ်*** ။ **အနန္တတန်ခိုးရှင်ဘုရားသခင် - ကျွန်ုပ်တို့အား မကောင်းမှုမှ ကယ်နှုတ်တော်မူပါ။**

**ဘုန်းကြီးသောရှင်ဘုရင်**

- ကျွန်ုပ်တို့၏နိုင်ငံများ၊ မြို့ကြီးများနှင့်လူအားလုံးတို့အပေါ် ကိုယ်တော်ပြုနေသောအမှုကို ပြီးမြောက်အောင် လာရောက်ဆောင်ရွက်တော်မူပါ။
- ကျွန်ုပ်တို့သည် အာဖရိက၊ အရှေ့အလယ်ပိုင်းဒေသ၊ တောင်နှင့်မြောက်အမေရိက၊ အာရှ၊ ဥရောပ၊ သြစတြေးလျ၊ ပစိဖိတ်ကျွန်းများတို့မှ ယုံကြည်သူအပေါင်းတို့နှင့်အတူ စိတ်နှလုံးတစ် လုံးတစ်ဝတည်းဖြင့် ကြွေးကြော်ကြပါ၏။

***ပရိသတ်*** ။ **"အချင်းတံခါးတို့၊ တံခါးမုတ်ကိုကြွလိုက်ကြ၊ အချင်းထာဝရတံခါးတို့၊ ကိုယ်ကိုကြွလိုက်ကြ။ ဘုန်းကြီးသောရှင်ဘုရင် ဝင်တော်မူမည်။"**

- ကိုယ်တော်၏ ကောင်းချီးမင်္ဂလာသည် တိုင်းနိုင်ငံအားလုံးအပေါ် ကြွယ်ဝစွာသက်ရောက်လျက်၊ ပြုတော်မူသောအမှုသည် မြေကြီးတခွင်၌နှံ့ပြားသောကြောင့် "ဘုန်းကြီးသောရှင်ဘုရင်ကားအဘယ်သူနည်း" ဟု မေးကြပါလိမ့်မည်။ ကျွန်ုပ်တို့အတူတကွ ဤသို့ဖြေကြပါမည်-

***ပရိသတ်*** ။ **ကိုယ်တော်သည် အနန္တတန်ခိုးရှင်ဘုရားသခင်ဖြစ်တော်မူ၏။ သခင်ဘုရား၏နာမတော် ကြွလာသောသူသည် ဘုန်းကြီးတော်မူစေသတည်း။**

- ပင်လယ်ရေသည် မိမိနေရာကိုလွှမ်းမိုးသကဲ့သို့ မြေကြီးပေါ်တွင် ကိုယ်တော့်ဘုန်းတော်နှင့် ပြည့်စေတော်မူပါ။ ဝိညာဉ်တော်နှင့် သတို့သမီးကညာက -

***ပရိသတ်*** ။ **"သခင်ယေရှုကြွလာတော်မူပါ။ အာမင်!"**

# ရက် ၉၀ ကောင်းကြီးပေးခြင်း
## Ninety Days of Blessing
### မေလ (၁၂)ရက် – ဩဂုတ်လ (၉)ရက်

**ခရစ်တော်၏ကောင်းကြီးမင်္ဂလာဖြစ်လာခြင်း**

Global Day of Prayer သည် ပြောင်းလဲမှုဖြစ်ပေါ်စေရန် အထောက်အကူပြုသော အချိန်ကာလဖြစ်နိုင်ပေသည်။ အတူတကွဆုတောင်းသောသူများသည် မိမိတို့လူ့အသိုင်းအဝိုင်းသို့ ပြုပြင်ပြောင်းလဲမှုကိုဖြစ်စေသော ကောင်းချီးမင်္ဂလာကို လက်တွေ့သက်ရောက်စေသည့် အတူတကွအမှုဆောင်သောသူများဖြစ်လာနိုင်ပါသည်။ မိမိဆုတောင်းချက်များအဖြေရရှိပြီး အကောင်အထည်ပေါ်ပေါက်လာရေးအတွက် ရှုပါရုံထားနိုင်ရန်နှင့် စီမံဆောင်ရွက်နိုင်ရန်အတွက် အထောက်အကူပေးမည့် "ရက် (၉၀) ကောင်းကြီးပေးခြင်း" (90 days of Blessing) အစီအစဉ်ကို Internet စာမျက်နှာ www.globaldayofprayer.com တွင် ဖတ်ရှုလေ့လာနိုင်ပါသည်။

**ဆက်လက်ဆုတောင်းပါ**

ရက်ပေါင်း (၉၀) အတွင်း (သို့မဟုတ်ယင်းနေ့မတိုင်မီ) ဆုတောင်းခြင်း၌ ဆက်လက်ကြီးထွားတိုးတက်ရန်နှင့် တစ်လုံးတစ်ဝတည်းစည်းလုံးစွာဆုတောင်းခြင်းကို အထူးအထောက်အကူဖြစ်စေမည့် အောက်ဖော်ပြပါ အရင်းအမြစ်သုံးခုကို Internet စာမျက်နှာ www.globaldayofprayer.com တွင် ဖတ်ရှုလေ့လာနိုင်ပါသည်-

- ♣ **ရက် (၉၀)ဆုတောင်းခြင်းလမ်းညွှန်** (The 90- Day Prayer Guide) - အသစ်ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာကောင်းကြီးမင်္ဂလာအတွက်ဦးတည်သော နေ့စဉ်လမ်းညွှန်
- ♣ **မျက်နှာတော်ရှာခြင်း** (Seek His Face) - နေ့စဉ်တစ်နာရီကြာဆုတောင်းခြင်းဖြင့် ဘုရားရှင်ထံ ဆက်ကပ်ကိုးကွယ်တတ်ရန် သင်ယူခြင်း
- ♣ **၂၄/၇ကင်းစောင့်ဆုတောင်းခြင်း** (24/7 Prayer Watch) - လူပေါင်းများစွာသည် နည်းလမ်း ပုံစံအမျိုးမျိုးဖြင့် ၂၄/၇ ဆုတောင်းခြင်းကို အစပြုလုပ်ဆောင်လျက်ရှိကြသည်။

**ကမ္ဘာလုံးဆိုင်ရာဆုတောင်းရာနေ့ Global Day of Prayer ကို ၂၀၁၀ ခုနှစ်အထိနှစ်စဉ် ကျင်းပရန် စီမံထားပါသည်–**

၂၀၀၉ ခုနှစ်၊ မေလ (၃၁)ရက် နှင့် ၂၀၁၀ ခုနှစ်၊ မေလ (၂၃)ရက် ပင်တေကုတ္တေတနင်္ဂနွေနေ့များတွင် ကျင်းပရန်စီမံထားသော **Global Day of Prayer** အစီအစဉ်များဆိုင်ရာ ကြေငြာချက်များကို Internet စာမျက်နှာ www.globaldayofprayer.com တွင် ဖတ်ရှုနိုင်ပါသည်။